Directorate of Industrial Collaboration

Ministry of Industry

Procedure for Issuing the Licence on Chemical and Related Substance Business



ပုံစံ(၁)

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ
# လုပ်ငန်းလိုင်စင်လျှောက်လွှာ
(နည်းဥပဒေ ၁၇)

နေ့စွဲ၊ - -

သို့

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး
ဗဟိုကြီးကြပ်ရေးအဖွဲ့
နေပြည်တော်

အကြောင်းအရာ။ **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း**

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လျှောက်ထားသူအမည် | ____________________ |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် | ____________________ |
| | နိုင်ငံခြားသားမှတ်ပုံတင်အမှတ် | ____________________ |
| ၃။ | ပညာရပ်ဆိုင်ရာအရည်အချင်း | ____________________ |
| ၄။ | ဓာတုပစ္စည်းများနှင့် စပ်လျဉ်းသည့် | ____________________ |
| | သင်တန်းများ သို့မဟုတ် အတွေ့အကြုံများ | ____________________ |
| ၅။ | အမြဲတမ်းနေရပ်လိပ်စာ | ____________________ |
| | | ____________________ |
| ၆။ | ဆက်သွယ်ရန်ဖုန်းနံပါတ် သို့မဟုတ် | ____________________ |
| | ဖက်စ်(Fax) နံပါတ် သို့မဟုတ် e-mail လိပ်စာ | ____________________ |
| ၇။ | လုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစား<br>(သိုလှောင်ခြင်း၊ နည်းပညာအရ ပြုပြင်ခြင်း၊<br>ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ တင်သွင်းခြင်း၊<br>တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထား<br>ရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း)<br>(မလိုသည်ကို ပယ်ဖျက်ရန်) | ____________________ |
| ၈။ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ | ____________________ |
| | ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သည့် နေရာ | ____________________ |
| | အဆောက်အဦလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း | ____________________ |

(က) အဆောက်အဦအမျိုးအစား ___________________

(အမိုး၊ အကာ၊ အခင်း) ___________________

( ခ ) ဇရိယာအကျယ်အဝန်း ___________________

( ဂ ) သန့်ရှင်းရေး သို့မဟုတ် မီးဘေးအန္တရာယ် ___________________

ကာကွယ်ရေးဆိုင်ရာပြင်ဆင်ထားရှိမှုများ ___________________

၉။ သယ်ယူပို့ဆောင်မည့်ယာဉ်အမျိုးအစားနှင့် ___________________

ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပြင်ဆင် ___________________

ထားရှိမှုများ ___________________

၁၀။ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဘေးထွက် ___________________

စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းမှု အစီအစဉ် ___________________

၁၁။ သက်ဆိုင်ရာဝန်ထမ်းများအတွက် ဘေးအန္တရာယ် ___________________

ကာကွယ်ရေးကိရိယာများ ထားရှိမှုအခြေအနေ ___________________

၁၂။ လုပ်ငန်းနှင့် သက်ဆိုင်သည့် ဓာတုပစ္စည်းနှင့် ___________________

ဆက်စပ်ပစ္စည်းများ၏ အမျိုးအမည်များ ___________________

(ပြည့်စုံစွာ ဖော်ပြရန်) ___________________

၁၃။ လုပ်ငန်းလုပ်ကိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်

(က) အမည် ___________________

( ခ ) ပညာရပ်ဆိုင်ရာ အရည်အချင်းနှင့် ___________________

အတွေ့အကြုံ

၁၄။ မတော်တဆဖြစ်ပွားပါက ဘေးအန္တရာယ် ___________________

လျော့နည်းစေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ___________________

ပြင်ဆင်ထားမှု

၁၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် အထောက်အထားနှင့် စာရွက်စာတမ်းများ

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်၊

( ခ ) လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းမိတ္တူ (၃)စုံ၊

( ဂ ) ပညာရပ်ဆိုင်ရာ အရည်အချင်းနှင့် အတွေ့အကြုံများအတွက် အထောက်အထား မိတ္တူများ။

___________

(လျှောက်ထားသူလက်မှတ်)

အမည် ___________________

Form (1)

# Licence Application of
# Chemical and Related Substances Business
( Rule 17)

Date . .

To

Chairperson

The Central Supervisory Board on Prevention of Hazard from Chemical and Related Substances

Nay Pyi Taw

Subject: **Applying the Licence for Chemical and Related Substances Business**

May I apply to issue the licence for chemical and related substances business.

1. Name of Applicant ....................................................
2. National Registration Card No. ......................................................
(Citizenship Scrutiny Card No.) or ....................................................
Foreigner Registration Card No. ....................................................
3. Qualification ......................................................
4. Trainings or Experiences on Chemicals ......................................................
5. Permanent Address ....................................................
....................................................
6. Contact Phone or Fax or e-mail address ....................................................
7. Type of Business ......................................................
(Storing, Treating by technique, Producing, Using, Import, Export, Transporting, Possessing, Distributing, Purchasing, Selling)
(To cancel unnecessary ones)
8. Contact Phone and Address of Place and Building of Chemical and Related Substances Business ....................................................
....................................................
....................................................

(a) Type of Building ....................................................
(Roof, Wall, Floor) ....................................................
(b) Area ....................................................
(c) Preparation of Cleanliness or ....................................................
Fire Protection ....................................................

9. Type of Transporting Vehicle and ....................................................
Preparation of Hazard Protection ....................................................

10. Control Programme of By-product wastes ....................................................
for not to Impact on Environment ....................................................

11. Provided Status of Hazard Protection ....................................................
Equipment to Relevant Staff ....................................................

12. Name and Identity of the Chemical ....................................................
And Related Substances using in ....................................................
Relevant Business (To express completely) ....................................................

13. Responsible Person for Business
(a) Name ....................................................
(b) Qualification and Experience. ....................................................

14. Preparation of Hazard Decrease and Safety ....................................................
From Hazard if the Accidence Happens ....................................................

15. Recommendation letters and documents which are submitted as attachment together with application:
(a) working plan for management on environmental conservation;
(b) three copies of facts and documents related to business;
(c) the copies of recommendation letters and certificates for qualifications and experiences.

……………………..
(Signature of Applicant)
Name…………………………

## စည်းကမ်းချက်များ

လိုင်စင်ရရှိသူသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

၂။ လိုင်စင်ကို လုပ်ငန်းခွင်၏ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားခြင်း၊

၃။ လုပ်ငန်းနှင့်သက်ဆိုင်သည့်သင်တန်းများ တက်ရောက်ပြီးကြောင်း အထောက်အထားများကို မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားခြင်း၊

၄။ အန္တရာယ်ရှိသည့်အကြောင်းအရာများ ဖော်ပြထားသောစာတန်း သို့မဟုတ် ရုပ်ပုံအမှတ်အသား တံဆိပ်များ ချိတ်ဆွဲထားခြင်း၊

၅။ လုံခြုံရေးကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများ လုံလောက်စွာထားရှိခြင်း၊

၆။ မတော်တဆဖြစ်ပွားမှု လျော့နည်းစေရန်နှင့် ကင်းရှင်းစေရန် ဆောင်ရွက်ထားခြင်း၊

၇။ ထိခိုက်ဆုံးရှုံးမှုအတွက် လျော်ကြေးပေးနိုင်ရန် အာမခံထားခြင်း၊

၈။ အန္တရာယ်ကင်းရှင်းစေရေး ညွှန်ကြားချက်များ လိုက်နာခြင်း၊

၉။ အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများ ထိန်းသိမ်းထားခြင်း၊

၁၀။ အန္တရာယ်ရှိသည့်ပစ္စည်းများသိုလှောင်ခွင့်ရပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုသည့်အကြောင်းကြားစာ မိတ္တူပေးပို့ခြင်း၊

၁၁။ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ အသုံးပြုသော လုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူခြင်း၊

၁၂။ ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့်အခါ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော ပမာဏနှင့် နေရာသို့ သယ်ဆောင်ခြင်း၊

၁၃။ ခွင့်ပြုသည့်နေရာ ပြောင်းလဲသယ်ယူပို့ဆောင်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ထပ်မံရယူခြင်း၊

၁၄။ စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှု၊ ခံနိုင်ရည်ရှိမှုနှင့် ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူခြင်း၊

၁၅။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်ခြင်း သို့မဟုတ် စနစ်တကျစုပုံထားခြင်း၊

၁၆။ လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

၁၇။ ထည့်သွင်းထုပ်ပိုးထားသည့် ပစ္စည်းများပေါ်တွင် အန္တရာယ်သတိပေး အမှတ်အသားတံဆိပ်ကပ်ခြင်း၊

၁၈။ လုပ်ငန်းလုပ်ကိုင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အာနိသင်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းတို့ကို မမှန်မကန်ကြော်ငြာ၍ မရောင်းချခြင်း။

## Disciplines

The licence holder shall follow the following disciplines:

1. Following the disciplines in Rule, Notification, Order, Directive and Procedure issued under Prevention of Hazard from Chemical and Related Substances Law;
2. Hanging the licence at a conspicuous place in the occupational area;
3. Hanging the recommendation letters that prove the attending to the trainings related to business, at the conspicuous place;
4. Hanging-up the signal word or pictogram which shows the hazard;
5. Providing the security equipment, personal protection equipment and dresses sufficiently;
6. Carrying out to decrease and be free from accident;
7. Insuring to compensate for impacts and losses;
8. Following the instructions to be free from hazard;
9. Keeping the record on medical check-up of employees;
10. Sending the copy of permission letter to the respective Department of Township Administration if the permission of storing the hazardous substance is obtained;
11. Pre-taking the guidance and agreement of the respective Department of Fire Brigade if the business uses the substances which cause fire hazard or explosive substances;
12. Transporting the allowed amount of chemicals to the allowed place in accordance with prescriptive disciplines in transporting in country;
13. Taking again permission from the Central Supervisory Board if the allowed place is changed in transporting;
14. Taking the inspection of the relevant Supervisory Board and Board of Inspection whether or not the machinery and equipment have the safety, the power of resistance, and the hazardous impact;
15. Discharging the wastes after treating systematically or piling up them systematically;
16. Following in accordance with laws and rules related to environmental conservation for not to impact to environment by business;
17. Sticking the pictogram on packaging materials;
18. Not selling the chemical and related substances used in business, by advertising the potency, quality and standard of them, incorrectly.

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း**

**လုပ်ဆောင်ရမည့်အစီအစဉ်များ**

**အဆင့် (၁)**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် စက်မှုဝန်ကြီးဌာနရှိ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင် လျှောက်လွှာ ပုံစံ(၁) နှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့် ပူးတွဲတင်ပြရပါမည်-

(က) ကုမ္ပဏီ Letter Head ဖြင့် Managing Director သို့မဟုတ် Board of Director အဖွဲ့ဝင် တစ်ဦးဦးမှ လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ (မှတ်ပုံတင်/ Passport မိတ္တူပူးတွဲ)

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုအစီအစဉ်

(ဂ) လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းမိတ္တူ(၁)စုံ

(ဃ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် အတွေ့အကြုံများအတွက် အထောက်အထား မိတ္တူ

(င) အထွေထွေနစ်နာဆုံးရှုံးမှုအား ပေးလျော်ရန်အတွက် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိမှု မိတ္တူ

(စ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုမိန့်

**အဆင့်(၂)**

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၁၇ အရ လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်လွှာ ပုံစံ(၁) အား ပြည့်စုံမှန်ကန်စွာဖော်ပြထားခြင်း ရှိ/မရှိနှင့် ပူးတွဲတင်ပြမည့် စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရမည်။ တင်ပြချက်တွင် သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း သို့မဟုတ် အခြားအချက်အလက်များလိုအပ်ပါက လျှောက်ထားသူအား အကြောင်းကြား ဆောင်ရွက်မည်ဖြစ်ပါသည်။ အချက်အလက်ပြည့်စုံပါက လုပ်ငန်းအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များထံသို့ အကြောင်းကြား ဆောင်ရွက်မည်ဖြစ်ပါသည်။

**အဆင့်(၃)**

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် လိုင်စင်ထုတ်ပေးရန် ထောက်ခံပါက လျှောက်ထားသူသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD-012564)** သို့ လိုင်စင်ခ ပေးသွင်းရပါမည်။

**လိုင်စင်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၁၀၀,၀၀၀ | ၂ နှစ် |
| ( ခ) | ၂ ခု | ၂၀၀,၀၀၀ | ၂ နှစ် |
| ( ဂ) | ၃ ခုနှင့်အထက် | ၃၀၀,၀၀၀ | ၂ နှစ် |

**အဆင့်(၃-က)(လိုင်စင်သက်တမ်းတိုးခြင်း)**

လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD-012564)**သို့ လိုင်စင်သက်တမ်းတိုးမြှင့်ခ ပေးသွင်း ရပါမည်။

**လိုင်စင်သက်တမ်းတိုးမြှင့်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၈၀,၀၀၀ | ၂ နှစ် |
| ( ခ) | ၂ ခု | ၁၆၀,၀၀၀ | ၂ နှစ် |
| ( ဂ) | ၃ ခုနှင့်အထက် | ၂၄၀,၀၀၀ | ၂ နှစ် |

**အဆင့်(၄)**

လျှောက်ထားသူကိုယ်တိုင် လိုင်စင် သို့မဟုတ် သက်တမ်းတိုးကတ် ထုတ်ယူပါက မှတ်ပုံတင် မူရင်း၊ မိတ္တူတစ်စုံနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင် မူရင်း၊ မိတ္တူတစ်စုံနှင့်သော်လည်းကောင်း ပူးတွဲယူဆောင်လာရပါမည်။

**ဆက်သွယ်ရန်လိပ်စာ**

**စာချုပ်စာတမ်းများစိစစ်ရေးဌာန၊**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊**

**စက်မှုဝန်ကြီးဌာန၊**

**ရုံးအမှတ်(၃၀)၊ နေပြည်တော်**

**ဖုန်း ၀၆၇၃-၄၀၅၃၃၆**

**STANDARD OPERATING PROCEDURE FOR ISSUING THE LICENCE ON CHEMICAL AND RELATED SUBSTANCES BUSINESS**

**Step(1)**

The persons who do the chemical and related substances business such as storing, treating by technique, producing, using, import, export, transporting, possessing, distributing, purchasing and selling require to apply the licence.

A person who applies the licence on chemical and related substances business shall submit "the licence application of chemical and related substances business"–Form(1) together with following described documents to the Central Supervisory Board in Ministry of Industry.

(a) Application letter using company letter head signed by Managing Director or Director in Board of Director(Attachment: The NRC or FRC copy of MD or Director)

(b) Working plan for management on environmental conservation

(c) A copy of facts and documents related to business

(d) The copies of recommendation letters and certificates for qualifications and experiences

(e) The copy of insurance to compensate for general loss at Myanma Insurance

(f) Recommendation or permit from concerned ministries

**Step(2)**

The Central Supervisory Board shall scrutinize whether or not the facts in Form(1) are completely described and the documents which shall be submitted with attachment are completed in respect of applying under rule 17. It will inform to the applicant if the submission is not inline with stipulations or requires the other facts. If the facts are

completed, it will inform to the relevant Region or State Supervisory Board to do field inspection.

**Step(3)**

If the field inspection report recommends to issue the licence, the applicant shall pay the fees on licence by using bank account (MD–012564) of Directorate of Industrial Collaboration at Myanma Economic Bank in Nay Pyi Taw.

**The Fees on Licence**

| Sr. | No.of Business | Rate (Kyats) | Duration |
|---|---|---|---|
| (a) | 1 | 100,000 | 2 years |
| (b) | 2 | 200,000 | 2 years |
| (c) | 3 and above | 300,000 | 2 years |

**Step(3–a) (For Extension of licence duration)**

A licence holder shall apply to extend the duration of licence, (30) days in advance before the date of expiry to the Central Supervisory Board in accordance with the stipulations. If it is obtained the permission by the Chairperson, the applicant shall pay the fees on licence Renewal by using bank account (MD–012564) of Directorate of Industrial Collaboration at Myanma Economic Bank in Nay Pyi Taw.

**The Fees on Licence Renewal**

| Sr. | No.of Business | Rate (Kyats) | Duration |
|---|---|---|---|
| (a) | 1 | 80,000 | 2 years |
| (b) | 2 | 160,000 | 2 years |

| | | | |
|---|---|---|---|
| (c) | 3 and above | 240,000 | 2 years |

**Step(4)**

If the applicant himself/herself takes out the licence or licence renewal certificate, he/she shall bring the original NRC card and copy of it. If the representative takes out the licence, he/she shall bring the original NRC card and copy of it together with authorization letter.